မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 13 /Issue 10/ October/2020

## Christian Home and Family
## ခရစ်ယာန်အိမ်ထောင်မိသားစု

### ယုံကြည်ခြင်းမေတ္တာ
ငါ့ပြည့်တပ်ဟူမူကား၊ ... ငါသည် သင်တို့ကိုချစ်သည် နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့။ ကိုယ်အဆွေတို့ အဘို့အလိုငှါ ကိုယ်အသက်ကို စွန့်ခြင်းမေတ္တာထက် သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။ (ရှင်ယောဟန်၊၁၅း၁၂)
ငါ့ပြည့်တပ်ဟူမူကား၊ ... ငါသည် သင်တို့ကိုချစ်သည် နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့။ ကိုယ်အဆွေတို့ အဘို့အလိုငှါ ကိုယ်အသက်ကို စွန့်ခြင်းမေတ္တာ ထက်သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။ (ရှင်ယောဟန်၊၁၅း၁၃)

### ယုံကြည်ခြင်းမိသားစု
သင်၏သားသမီးအပေါင်းတို့သည် ထာဝရဘုရား ဆုံးမသွန်သင်တော်မူသောသူ ဖြစ်၍၊
များစွာသော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံကြလိမ့်မည်။
သင်သည်ဖြောင့်မတ်ခြင်းအားဖြင့် တည်လိမ့်မည်။
ညှဉ်းဆဲခြင်းနှင့်ဝေးသည်ဖြစ်၍ မကြောက်ရ။
ထိတ်လန့်ခြင်းသည်လည်းဝေး၍၊ သင့်အနီးသို့ မရောက်ရ။
(ဟေရှာယ၊၅၄း၁၃–၁၄)



### ယုံကြည်ခြင်းသက်သေ
ငါ့ညီအစ်ကိုတို့၊ တစုံတယောက်သောသူက၊ ငါသည်ယုံကြည်ခြင်းရှိ၏ဟုပြောလျက်၊ အကျင့်ကို မကျင့်ဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ (ရှင်ယာကုပ်၊၂း၁၄)
ငါမူကား၊ အကျင့်အားဖြင့်ငါ၏ ယုံကြည်ခြင်းကို ပြမည်။ (ရှင်ယာကုပ်၊၂း၁၈)

## VIRTUAL CHURCH SERVICE

**Watch at home!**



**BCF online Worship Service is available**

**at bcfla.org**

**Starting at 2:00PM every Sunday.**

**To watch previous Virtual Sunday Service select image gallery tab.**

**BCF Worship Service will only be available online until further notice!!**

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

**OCTOBER 2020**

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | 31 |

**October 4, 2020 .... World Communion Day Service**
**October 11, 2020 .... Pastor Appreciation Day Service**

## ***ALL HEALTHCARE WORKERS***




***We appreciate and thank you for***
***all your hard works***
***in the time of Corona Virus Pandemic.***







**In Christ, BCF all members**



# Appreciation
# to
# B.C.F. Pastors



~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

*Dear,*
*Senior Paster: Rev. Henry Ang,*
*Associate Paster: Rev. Livingstone Zan,*

*You all have shown us;*
*God's Goodness*
*God's unending love*
*God's faithfulness*
*God's forgiveness*
*The words of God*
*All your devotions*
*Being a humble servant*

*May the lord with you all;*
*Passion, wisdom,*
*Knowledge, joy and*
*Blessing*

*We appreciate all you do.*
*With love,*
*BCF all members*
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# << ပြဿနာဖြေရှင်းခြင်း >>

လူ့လောကတွင် စုံလင်ကောင်းမွန်သည့် အိမ်ထောင်ရေးဟူ၍ မရှိပါ။ အိမ်ထောင်သည်အားလုံးမှာ ပြဿနာတစ်မျိုး မဟုတ် တစ်မျိုးနှင့် ရင်ဆိုင်ရကြ၏။ ပြဿနာကြီးမားသည် ဖြစ်စေ၊ သေးငယ်သည် ဖြစ်စေ၊ ဇနီးနှင့်ခင်ပွန်း အနေဖြင့် ၎င်းတို့ကို ဖြေရှင်းတတ်ရန်၊ သင်ယူဖို့ အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော်၊ မဖြေရှင်းဘဲထားသော ပြဿနာသည် အချိန်ကြာလာသည်နှင့်အမျှ ပြောဆိုဆက်ဆံရေး၌ ဆူးညှောင့်ခလုပ်များ၊ အတားအဆီးများ ဖြစ်လာနိုင်သည်။

ကမ္ဘာဦးကျမ်း၊၂း၂၃–၂၄ တွင်၊ ပထမဦးဆုံး အကြင်လင်မယား (သို့) ဇနီးမောင်နှံ (၂)ဦး အကြောင်းကိုဖေါ်ပြထားသည်။ ထိုသူတို့မှာ အာဒံနှင့်ဧဝ ဖြစ်သည်။ 'အာဒံကလည်း၊ ယခု၌သူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသား ဖြစ်၍ လူမိန်းမ ဟု ခေါ်ရမည်။ ဤအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍၊ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရမည်။' အကြင်လင်မယားသည် ဘုရားသခင်၏အကြံအစည်တော်ထဲတွင်ပါဝင်သည်။ ထိုနောက်မှ မွေးဖွားလာသော သားသမီးများနှင့် မိသားစု ဖြစ်လာသည်။ မိသားစုတွင် အကြင်လင်မယားအပြင် သားသမီးရေးများကြောင့် အိမ်ထောင်တွင်းပြဿနာ ဖြစ်တတ်သည်။

ပညာရှိ ရှောလမုန်မင်းကြီးက **" မယားကို ရသောသူသည် ကောင်းသောအရာကို ရ၍ ထာဝရဘုရား၏ ကျေးဇူးတော်ကို ခံရ၏။"** ဟူ၍ (သုတ္တံ၊ ၁၈း၂၂) မှာ ပြောထားသည်။

သို့သော်လည်း၊ **'လင်နှင့်မယား – လျှာနှင့်သွား'** ဆိုစကားအရ၊ အပေါ်ယံသဘောနှင့် လျှစ်လျူရှု မထားကြပါနှင့်။ ထိုသို့သော မပြေလည်မှုပြဿနာကို ရင်ဆိုင်ဖြေရှင်းဖို့၊ ပိုမိုထိရောက်စွာပြောဆိုဆက်သွယ်နိုင်ရန် နည်းလမ်းကောင်းများရှိပါသည်။

အိမ်ထောင်တွင်၊ **"ပြောဆိုဆက်သွယ်ရေး"**သည် ... အသက်သွေးကြော ဖြစ်ပါက၊
**"မေတ္တာနှင့်လေးစာမှု"**သည် ... နှလုံးနှင့်အဆုတ် ဖြစ်ရမည်။
ထို့ကြောင့်၊ ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်ရန် **"မေတ္တာနှင့်လေးစားမှု"**လိုအပ်သည်။
**"မေတ္တာနှင့်လေးစားမှု"**ကို သိရှိရန် အောက်ပါကျမ်းချက်များ အားဖြင့် ဆင်ခြင်ကြည့်ပါ။

**(ဖေက်၊၅း၃၃)– သင်တို့သည် .. အသီးအသီး ကိုယ်ကိုကိုယ်ချစ်သကဲ့သို့ ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ မိန်းမသည်လည်း ကိုယ်ခင်ပွန်းကို ရိုသေခြင်း ရှိစေလော့။**

(၁ကော၊၁၃း၄–၅)– မေတ္တာသည် .. စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။
မေတ္တာသည် .. ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။
မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊
ဒေါသအမျက် မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်။

(၁ပေ၊၄း၈)– အချင်းချင်း .. အားကြီးသော ချစ်ခြင်းမေတ္တာ ရှိကြလော့။
ချစ်ခြင်းမေတ္တာသည် .. များစွာသောအပြစ် တို့ကို ဖုံးအုပ်တတ်၏။

ပြဿနာများဖြေရှင်းရာတွင် မေတ္တာသည် အတိတ်မှအမှားများနှင့် ၎င်းကြောင့် ဖြစ်ပေါ်လာသော စိတ်ဒဏ်ရာများကို မေ့ပျောက်ပစ်ရန် လှုံ့ဆော်ပေးပြီး၊ လက်ရှိပြဿနာကိုသာ အာရုံစိုက်စေမည်။ အချင်းချင်းလေးစားမှုရှိသော ဇနီးမောင်နှံအများသည် ပွင့်လင်းစွာ ပြောဆိုခွင့် ပြုပြီး ပြောဆိုသည့် စကားကိုသာ မဟုတ် ဆိုလိုချင်သည့် အကြောင်းအရာကိုပါ နည်းလည်နိုင်ရန် ကြိုးစားကြသည်။

အိမ်ထောင်၏သော့ချက်ဖြစ်သော ပျော်ရွှင်မှုရရှိရန် ဇနီးမောင်နှံများ ပြဿနာဖြေရှင်းရန် အောက်တွင်ဖေါ်ပြထားသော အချက် (၅) ချက်ကို သုံးသပ်ပြီး၊ သမ္မာကျမ်းချက်များက သင်တို့၏ ပြဿနာများကို မေတ္တာနှင့်လေးစားမှု ဖြင့် ရှေ့ရှု၍ ဖြေရှင်းရန် ကူညီပေးနိုင်ကြောင်း သတိပြုပါ။

**၁။ ။ ပြဿနာကို ဆွေးနွေးရန် သီးသန့်အချိန်ထားပါ။**
**'ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့အချိန်ရှိ၏။'**
**'တိတ်ဆိတ်စွာနေရသောအချိန် နှင့် စကားပြောရသောအချိန်လည်း ရှိ၏။'**(ဒေသနာ၊၃း၁၇)

ဖြစ်ပျက်အငြင်းပွားနေသည့် ပြဿနာအချို့ကြောင့် အကြီးအကျယ် ဒေါသထွက်မိနိုင်သည်။ ထိုသို့ဖြစ်လာပါက၊– အမျက်ဒေါသမထွက်မီ ကိုယ့်ကိုယ်ကိုထိန်းချုပ်ပြီး တိတ်ဆိတ်စွာ နေနိုင်ရန် ဆွေးနွေးမှုပြုနေပါက ခေတ္တရပ်ဆိုင်းထားပါ။

(သုတ္တံ၊၁၇း၁၄)–**'ရန်တွေ့စအမှုသည် ရေလျှောင်ကန်ဘောင် စ၍ပေါက်သကဲ့သို့ ဖြစ်သောကြောင့် ရန်မတွေ့မီ၊ တွေ့စရာအကြောင်းကို ရှောင်လော့။'** ဟူသော အကြံပြုကျမ်းချက်ကို လိုက်နာပါက၊ သင်တို့၏ဆက်ဆံရေးကို ထိခိုက်နစ်နာမှုများစွာမှ ကယ်တင်နိုင်လိမ့်မည်။

သို့သော်၊ **"စကားပြောရသောအချိန်လည်းရှိ၏။"** ပြဿနာများကိုမဖြေရှင်းဘဲထားလျှင် ပေါင်းပင်များကဲ့သို့ အလျင်အမြန်ကြီးထွားလာနိုင်သည်။ ထို့ကြောင့်၊ အလိုလိုပြေလည်သွားမည်ဟု မျှော်လင့်ကာ ၎င်းတို့ကို လျစ်လျူရှု မထားပါနှင့်။ ဆွေးနွေးမှုကို ရပ်တန့်လိုက်ပါက၊ ပြဿနာအကြောင်းပြန်လည်၍ ဆွေးနွေးမည့်အချိန်ကို ရွေးချယ်ခြင်းဖြင့်၊ သင့်အိမ်ထောင်ဖက်ကို လေးစားကြောင်းပြပါ။

ထိုသို့ပြုခဲ့လျှင်၊ (ဖေက်၊၄း၂၇) **"အမျက်မပြေဘဲ – နေမဝင်စေနှင့်"**ဟူသော သမ္မာကျမ်းချက်၏ အကြံဉာဏ်ကောင်းက ဇနီးမောင်နှံ နှစ်ဦးစလုံးကို လိုက်နာရန် ကူညီပေးနိုင်ပါလိမ့်မည်။ ထို့နောက် **'ဂတိသစ္စာ'**တည်ဖို့ရန် အထူးလိုအပ်သည်။

အိမ်ထောင်တွင် ပြဿနာများကို ဆွေးနွေးနိုင်ရန် အပါတ်စဉ် ပုံမှန် အချိန် ဖယ်ထားပါ။ သတ်မှတ်ထားပါ။ အကယ်၍ သင်သည် အလုပ်မှ အိမ်သို့ ပြန်ရောက်လာခါစအချိန် (သို့မဟုတ်) အစာမစားမီ စသောအချိန်တွင် ပို၍ အငြင်းပွါးတတ်ကြောင်း သတိပြုမိပါက ထိုအချိန်မျိုး ရှောင်ရှားပါ။ ဆွေးနွေးခြင်းမပြုပါနှင့်။ နှစ်ဦးလုံး၏ **'စိတ်ဖိစီးမှု'** အနည်းဆုံးဖြစ်မည့်အချိန်ကို ရွေးချယ်ပါ။

**၂။ ။ သင်၏သဘောထားကို ရိုးသားလေးစားစွာထုတ်ပြောပါ။**
**"လူသားအချင်းချင်းအား မှန်သောစကားကိုသာ ပြောဆိုကြလော့။" (ဖေက်၊၄း၂၅)**
**"ညစ်ညူးသော စကားတခွန်းကိုမျှ သင့်နှုတ်က မထွက်စေနှင့်။" (ဖေက်၊၄း၂၉)**

သင်သည် အိမ်ထောင်သည်ဖြစ်ပါက၊ သင်နှင့် အရင်းနှီးဆုံးသော လူသားမှာ သင့်အိမ်ထောင်ဖက်ဖြစ်သည်။ ထို့ကြောင့်၊ သင့်အိမ်ထောင်ဖက်နှင့်အတူ စကားပြောဆိုချိန်တွင် သင်၏ခံစားချက်ကို ရိုးရိုးသားသားနှင့်တိတိကျကျ ဖေါ်ပြပါ။ ပြောဆိုပါ။

ပြဿနာတစ်ခုကို ဆွေးနွေးလျှင်၊ သင်၏ပန်းတိုင်မှာ စစ်ပွဲအောင်ရန် (သို့) ရန်သူတစ်ဦးကိုအနိုင်ရရန် မဟုတ်ဘဲ၊ သင်၏သဘောထားကို သင့်အိမ်ထောက်ဖက် သိစေရန်သာဖြစ်ကြောင်း သတိပြုပါ။ ထိုသို့ထိရောက်စွာပြုနိုင်ရန် ပြဿနာမှာ ဘယ်အရာဖြစ်ကြောင်း၊ ဘယ်အချိန်က အစပြုခဲ့ကြောင်း၊ မည်သို့ ခံစားခဲ့ရကြောင်း သေချာစွာ ရှင်းပြပါ။ နားလည်အောင် ပြောပြပါ။

ဥပမာ။ ။ သင်၏အိမ်ထောင်ဖက်က စည်းကမ်းမရှိမှုကြောင့် သင်စိတ်ဆိုးပြီး စိတ်ဆင်းရဲနေလျှင်၊ "-- လုပ်ပုံကိုင်ပုံတွေက ကျမစည်းနဲ့ကမ်းနဲ့ ပြောဆိုတာတွေကို အလေးမထားဘဲ၊ ကိုယ်လုပ်ချင်တာလုပ်ထားတာမို့ နေ့စဉ် အနောက်က လိုက်ပြီးရှင်းနေရတာနဲ့ နားချိန်တောင် မရှိဘူး။ ဝင်ငွေရအောင် ကျမအလုပ် လုပ်ရသေးတယ်လေ။ တကယ့်ကို စိတ်ရောလူပါ ပင်ပန်းပါတယ်။ နှစ်ဦးနှစ်ဖက်တက်ညီလက်ညီ ဖြစ်ခြင်တာက ကျမရဲ့ စိတ်ဆန္ဒပါလို့ လိမ္မာပါးနပ်စွာ ဖေါ်ပြပါ။ "

သင်၏အိမ်ထောင်ဖက်နှင့် မဆွေးနွေးမီ သင့်သဘောထားကို သေချာစွာ သိနိုင်ရန်၊ ပြဿနာမှာ ဘယ်အရာဖြစ်သည်ဟု သင်ထင်ကြောင်း၊ ဤသို့ ဖြေရှင်းလိုကြောင်းကို စာဖြင့် ချ၍ရေးလိုက်ပါ။

**၃။ ။သင့်အိမ်ထောင်ဖက်၏ ခံစားချက်များကို နားထောင်၍ အသိအမှတ်ပြုပါ။**

**"ခပ်သိမ်းသောသူတို့သည် နားကြားခြင်းငှါ လျင်မြန်ကြစေ။**

**စကားပြောခြင်းငှါရင်း၊ အမျက်ထွက်ခြင်းငှါရင်း၊ နှေးကြစေ။"** (ယာကုပ်၊၁း၁၉)

ရှင်ယာကုပ်က၊– ယုံကြည်သူခရစ်ယာန်များကို ဒေါသအမျက် မထွက်ရန်၊ ခပ်သိမ်းသောညစ်ညူးခြင်း၊ မနာလိုသောစိတ်လွန်ကျူးခြင်း၊ တို့ကိုကို ပယ်ရှားရန် ပြောကြားခဲ့ပါသည်။ ပြဿနာတစ်ခုနှင့်ပတ်သက်၍ သင်မည်သို့ ခံစားနေရသည်ကို သင်၏အိမ်ထောင်ဖက် နားမလည်သည်ထက် အိမ်ထောင်တွင် သာယာမှု၊ ပျော်ရွှင်မှု မရှိနိုင်ဆိုသော အထင်အမြင်မျိုး မဝင်လာရန် အထူးသတိထားရမည်။

**(မဿဲ၊၇း၁၂)– သင်တို့သည် ကိုယ်၌သူတပါးပြုစေလိုသမျှအတိုင်း သူတပါး၌ပြုကြလော့။**

ပြဿနာဖြေရှင်းတဲ့ အခါတိုင်း ကျွန်တော့ဇနီးက ကျွန်တော်ပြောတာကို အလေးမထားသေချာနားမထောင်ဘူးလို့ ပြောလာပါက ၎င်းကို မည်သို့ ဖြေရှင်းကြမည်နည်း။

သင့်အိမ်ထောင်ဘက်၏ ခံစားချက်ကို သင်သိနေပါသည်ဟု မထင်မှတ်ပါနှင့်။

**(သုတ္တံ၊၁၃း၁၀)–"မာနကြောင့်သာ ရန်တွေ့ခြင်းဖြစ်၏။ အတူတကွ ဆွေးနွေးသောသူတို့မူကား ပညာရှိ၏။"** ဟု သမ္မာကျမ်းစာ၌ ဆုံးမသွန်သင်ထားပါသည်။

သင့်အိမ်ထောင်ဖက်၏ သဘောထားကို လွတ်လပ်စွာ ပြောဆိုခွင့်ပေးခြင်းဖြင့် လေးစားမှုကိုတင်ပြပါ။ ထို့နောက်၊ သူမပြောသည့်အရာကို သင်နားလည်သဘောပေါက်ကြောင်း သေချာစေရန် ၎င်းကို ပြန်၍ ပြောပြပါ။ ဒေါသ မပါစေနှင့်။ အကယ်၍ နားလည်မှု လွဲမှားနေလျှင်၊ သူမဖြစ်စေချင်သည့်အရာကို နှစ်ဦးသား ပြန်လည်ညှိနှိုင်းယူပါ။ တလှည့်စီပြောဆို၍ နှစ်ဦးသဘောတူညီချက်ကိုရယူပါ။ လိုတိုးပိုလျော့ လုပ်ခြင်းဖြင့် အဖြေမှန်တစ်ခု ရလာပါလိမ့်မည်။ မှသာစကားကိုရှောင်ပါ။ မိမိကိုယ်ကို သူတပါး အထင်ကြီးဖို့ထက် မိမိအိမ်ထောင်က အထင်ကြီးမှုကို ခံယူပါ။ ဦးစားပေးပါ။ ဤတွင် နှိမ့်ချမှု၊ စိတ်ရှည်မှု၊ လိုအပ်သည်။ တစ်ဦးကိုတစ်ဦး ချစ်မေတ္တာဖြင့် ဦးဆောင်ပြောဆိုလျှင်၊ နားလည်မှုအပြည့်အဝရှိကာ တဦးကိုတဦး ကိုယ်ချင်းစာတတ်လာပြီး လေးစားလာကြပါလိမ့်မည်။

(ရောမ၊၁၂း၉) – မေတ္တာစိတ်သည် လျှို့ဝှက်ခြင်းနှင့်ကင်းစေလော့။

ဆိုးညစ်သောအမှုကို စက်ဆုပ်ရွံရှာကြလော့။ ကောင်းမွန်သောအမှု၌

မှီဝဲဆည်းကပ်ကြလော့။ -- ချီးမွမ်းခြင်းအရာမှာ၊ သူတပါးကို ကိုယ်ထက် ချီးမြှောက်ကြလော့။

**၄။ ။ လွတ်လပ်စွာ ဖြေရှင်းနည်းကို သဘောတူပါ။**

**"လူသည် တစ်ယောက်တည်းထက် နှစ်ယောက် သာ၍ကောင်း၏။ ကြိုးစားအားထုတ်လျှင်**

**ကောင်းသောအကျိုးကို ရတတ်၏။ တစ်ယောက်လဲလျှင် တစ်ယောက်ထူလိမ့်မည်။**

**တစ်ယောက်တည်းသောသူ လဲလျှင် မူကား အကျိုးနည်းပြီ။"** (ဒေသနာ၊၄း၉–၁၀)

အိမ်ထောင်ဖက် နှစ်ဦးလုံး အတူတကွ ကြိုးစားပြီး၊ တစ်ဦးကိုတစ်ဦး ဖေးကူထောက်မ မှသာလျှင် အိမ်ထောင်ရေးပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ဘုရားသခင်က အိမ်ထောင်၌ ခင်ပွန်းယောကျ်ားကို အိမ်ထောင်ဦးစီးအဖြစ် ခန့်အပ်ထားသည်မှာ မှန်ပါပေ၏။ သို့ပေမဲ့၊ ဦးစီးမှုသည် အာဏာရှင်စံနစ် မဟုတ်ပေ။ ပညာရှိသော ခင်ပွန်းယောကျ်ားသည် ဇနီးမယား၏သဘောထားကို ထည့်မစဉ်းစားဘဲ နိုင်လိုမင်းထက် ဆုံးဖြတ်မည် မဟုတ်ပေ။ အချို့က ဇနီးသည်မှာမိန်းမသားဖြစ်ကြောင်း အမြဲနားလည်ပေးသည်။

ခင်ပွန်းနှင့်နှစ်ဦးလုံးက မတူညီသော အိမ်ထောင်မိသားစု(၂)ခုမှ ဆင်းသက်လာကြောင်း၊ စည်းစံနစ်၊ ယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့၊ မတူညီကြောင်း အပြင်၊ အချို့များမှာ မညီသော တန်ဘိုးထမ်းနေရကြောင်းကို အသိအမှတ်ပြု၍ အလေးထား စဉ်းစားသင့်ပါသည်။

အမှန်မှာ၊ ဘယ်သူမှားတယ်။ ဘယ်သူမှန်တယ် ဆိုတာ အဓိက မကျပါ။ တခါတရံ ပြဿနာတစ်ခုကို ဖြေရှင်းရာမှာ သဘောထား အမျိုးမျိုး ရှိတတ်ကြပါတယ်။ အလျော့အတင်း၊ အပြောင်းအလဲ၊ အကျိုးအကြောင်း၊ ရှိတာတွေဟာ ပြောင်းလဲလာဖို့ သော့ချက် ဖြစ်ကြောင်းကို သိမှတ်ပါ။ ဇနီးမောင်နှံနှစ်ဦးသဘောတူ အဖြေညှိယူပြီး အဘောတူကြောင်း လက်ခံပြီးမှ ဆုံးဖြက်ချက် အတိုင်း လိုက်နာ ဆောက်ရွက်မှု ရှိ/မရှိ ဆန်းစစ်ပါ။ လိုက်နာပါက အောင်မြင်မှုကို ရနိုင်ပါသည်။

**၅။ ။ တသီးတခြားစီ မဟုတ်ဘဲ အတူတကွ လုပ်ဆောင်ပါ။**

**"လင်မယားတို့သည် နှစ်ဦးမဟုတ် တဦးတည်းဖြစ်၏။**

**ဘုရားသခင်ဘက်စပ်၍ ထမ်းဘိုးတင်တော်မူသောအရာကို လူမခွဲမခွါစေနှင့်။"**(မဿဲ၊၁၉း၆)

သခင်ယေရှု ခရစ်တော်က အိမ်ထောင်ရေးကို ထမ်းဘိုးနှင့် ခိုင်းနှိုင်းခဲ့သည်။

ထို့အပြင်၊ အပြစ်ဝန်နှင့်ပိနေသူတို့အား ကယ်မရန် မိမိကိုယ်ကို ထမ်းဘိုး အဖြစ် ဥပမာပေးခဲ့၏။

**ဝန်လေး၍ပင်ပန်းသော သူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်။ ငါ့ထမ်းဘိုးကိုတင်၍ ထမ်းကြလော့။ ငါ့ထံ၍နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏ ဟု မိန့်တော်မူ၏။ (မဿဲ၊၁၁း၂၈–၃၁)**

ထိုခေတ်အချိန်၌၊ ထမ်းဘိုးသည် တိရိစ္ဆာန်(၂)ကောင် အတူတကွ အလုပ်တွဲလုပ်နိုင်ရန် ၎င်းတို့ကို ချိတ်ဆက်ထားသည့် သစ်သားချောင်းဖြစ်သည်။ တိရိစ္ဆာန် (၂) ကောင်သည် အတူတကွ ပူးပေါင်းမလုပ်ဆောင်ပါက၊ အလုပ်ကောင်းစွာ မပြီးမြောက်နိုင်ပါ။ ထို့ပြင်၊ ထမ်းဘိုးသစ်သား၏ ပွန်းတိုက်မှု

ကြောင့် တိရိစ္ဆာန်၏ဂုတ်ပိုးရှိအသားကို ပွန်းရှတတ်သဖြင့် နာကျင်စေသည်။ အတူတကွ တက်ညီလက်ညီ ရုန်းကန်လှုပ်ရှားပါက သက်သက်သာသာဖြင့် အလုပ်ကို ပြီးမြောက်အောင်မြင်စေသည်။ ထိုနည်းတူစွာပင်၊ ပူးပေါင်းလုပ်ဆောင်ခြင်း မရှိသော ခင်ပွန်းနှင့်ဇနီးသည်များမှာ အိမ်ထောင်ရေး ထမ်းဘိုးအောက်တွင် ပွတ်တိုက်ခံရသဖြင့် နာကျင်စေသည်။ ဝမ်းနည်းစိတ်ပျက်စေသည်။ အခြားတဘက်တွင်မူ၊ အတူတကွ နှိမ့်ချသောမေတ္တာစိတ်ဖြင့် လုပ်ဆောင်တတ်လျှင် မည်သည့်ပြဿနာကိုမဆို ဖြေရှင်းနိုင်ပြီး၊ ကောင်းကျိုးများစွာဖြစ်၍ စိတ်ချမ်းသာ ပျော်ရွှင်နိုင်မည် ဖြစ်သည်။

ဇနီးမောင်နှံ နှစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံ၍၊ တစ်ယောက်၏နေရာမှာ တစ်ယောက် ဝင်ကြည့်ကာ စာနာစိတ်နှင့် ညှာတာသနားခြင်း ရှိ၍၊ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ဘုရားသခင်၏ မစမှုနှင့်လမ်းပြမှုကို ရယူရန် ဆုတောင်းခံပြီး၊ အိမ်ထောင်ရေးနှင့် ပတ်သက်သော သမ္မာကျမ်းချက်များကိုဖတ်ရှု၍ လက်ခံလိုက်လျှောက်ခြင်းဖြင့် ပြဿနာကို ဖြေရှင်းရန် ကြိုးစားပါ။

အိမ်ထောင်တွင် တယူသန်သဘောဖြင့် ငါ့စိတ်ကြိုက် လုပ်ဖို့ စိတ်ဆန္ဒရှိနေပါက၊ အကျိုးအကြောင်းနှင့် အဆိုးအကောင်းကို ရှာကြံ၍ အဖြေမှန်ရရန် ညှိနှိုင်းယူပါ။ ပြောင်းလဲသင့်လျှင် ပြောင်းလဲဖို့ရန် ဝန်မလေးပါနှင့်။ တဦးပေါ်တဦး အပြစ်ပုံမချနှင့်။ အပြစ်ရှိပါက ရိုးသားစွာဝန်ခံ၍ ရပ်တန်းကရပ်ပါ။ လူသားသဘာဝ အပြစ်သားများ ဖြစ်ကြ၍ မည်သူမျှ မပြည့်စုံကြောင်းကို သတိမူပြီး ခွင့်လွှတ်မှုကို ဦးစားပေးပါ။ လိမ်ညာလှည့်စားမှုကို ရှောင်ရှားပါ။

အိမ်ထောင်တွင် ဇနီးမောင်နှံနှစ်ဦးတို့သည် တစ်သား၊တစ်ကိုယ်တည်း ဖြစ်သောကြောင့် တစ်ဦးချင်းသီးသန့်ဖြစ်နေလျှင် ပြည့်စုံမှုမရှိပါ။

တစ်ဦးနှင့်တစ်ဦး (သို့) တစ်ယောက်ကိုတစ်ယောက် အထောက်အမ ဖြစ်နေကြပါသောကြောင့် နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်သော စွယ်တော်ရွက်များ ကဲ့သို့ နှစ်ကိုယ့်တစ်စိတ် အမြဲအတူဖြစ်နေရပါမည်။

တစ်ဦးပေါ်တစ်ဦး မပွင့်လင်းဘဲ ထိန်ချန်လျှို့ဝှက်ခြင်း၊ တစ်ဦးသဘောတည်းဖြင့် လုပ်ချင်ရာလုပ်ကာ သီးခြားသွားနေခြင်းမျိုး မဟုတ်ဘဲ၊ ကောင်းတိုင်ပင် ဆိုးတိုင်ပင် နှင့် နှစ်ဦးသဘောတူဆုံးဖြတ်ချက်ရယူပါ။ တူညီသောအဖြေ မရရှိသေးပါလျှင် အဖြေညှိယူ၍ အောင်မြင်မှု ရရန် အချိန်ပေးပါ။ စောင့်ဆိုင်းပါ။ ချစ်မေတ္တာဖြင့်သည်းခံ၍ ဂတိသစ္စာတည်စွာ သာယာသောအိမ်ထောင်ရေးဖြစ်ရန် လက်ချင်းတွဲကာ ဆုတောင်းခြင်းဖြင့် မေတ္တာအိမ်ထောင်မှသည် ခရစ်ယာန်အိမ်ထောင်သို့ ချီတက်ပါ။

**ဘုရားသခင်၏အလိုတော်နှင့်ညီသော အိမ်ထောင်ရေး ဖြစ်ကြပါစေ။**

**ကောလောသဲဩဝါဒစာ၊၃း၁၈–၂၁**
**မိန်းမတို့၊ ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့။**
**ယောကျ်ားတို့၊ ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ ကြမ်းတမ်းစွာ မပြုကြနှင့်။**
**သားသမီးတို့၊ မိဘစကားကို အရာရာ၌ နားထောင်ကြလော့။**
**အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။**

# CHRISTIAN HOME AND FAMILY

